ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၀ ၊ အမှတ် ၆

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်

## အာဆီယံစီးပွားရေးအသိုက်အဝန်း ( Asean Economic Community – A E C ) ၂၀၂၅ အကောင်အထည်ဖော်ဆောင်ရေးကော်မတီအောက်ရှိ ကောင်းမွန်သော စီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး ( Good Regulatory Practice – GRP) လုပ်ငန်းကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား GRP လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးမင်းထွဋ်မှ ဦးဆောင်၍ ကျင်းပပြုလုပ်စဉ်။**

ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice – GRP) လုပ်ငန်းကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ ( ကြာသပတေးနေ့ )၊ နေ့လည် ၁၃း၃၀ နာရီတွင် GRP လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်မှ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ GRP လုပ်ငန်းကော်မတီအဖွဲ့ဝင်ဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။



ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး ( Good Regulatory Practice – GRP) လုပ်ငန်းကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်စဉ်။

အစည်းအဝေးကျင်းပခြင်း၏ ရည်ရွယ်ချက်မှာ အာဆီယံစီးပွားရေးအသိုက်အဝန်း လမ်းပြမြေပုံ ၂၀၂၅ ကို ၂၀၁၆ ခုနှစ် မှ ၂၀၂၅ ခုနှစ် အထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သော စီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းကော်မတီအဖွဲ့ဝင်ဝန်ကြီးဌာန / ဦးစီးဌာနများ၏ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ တိုးတက်ဖြစ်ပေါ်မှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါအစည်းအဝေးတွင် ကောင်းမွန်သော စီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ၊ အကောက်ခွန်ဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ကောင်းမွန်သော စီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice – GRP) ၏ အဓိပ္ပာယ်၊ အကျိုးကျေးဇူး ၊ လုပ်ငန်းကော်မတီ၏ ပထမအကြိမ် ၊ ဒုတိယအကြိမ် ၊ တတိယအကြိမ် အစည်းအဝေးကျင်းပခဲ့မှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ဦးစားပေးနယ်ပယ်အလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါသည်။ အစည်းအဝေးတွင် ဆုံးဖြတ်ချက် ( ၉ ) ချက် ချမှတ်ခဲ့ပြီး အစည်းအဝေးအား နေ့လည် ၁၅:၃၀ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန် (ရုံးချုပ်) နှင့် ဗိုလ်တထောင်မြို့နယ် ၄၉ / ၅၀ လမ်းရုံးတွင် အသုံးပြုရန်အတွက် Mini X-Ray for Hand Carry and Baggage Scanner ဝယ်ယူခြင်း ၊ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တပ်ဆင်အသုံးပြုရန်အတွက် CCTV System နှင့် မီးသတ်ဆေးဘူးဝယ်ယူခြင်း၊ စုစုပေါင်းလုပ်ငန်း (၃) ခု နှင့်စပ်လျဉ်း၍ " တင်ဒါအခမ်းအနား " ကျင်းပ



**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန် (ရုံးချုပ်) နှင့် ဗိုလ်တထောင်မြို့နယ် ၄၉ / ၅၀ လမ်းရုံးတွင် အသုံးပြုရန်အတွက် Mini X-Ray for Hand Carry and Baggage Scanner ဝယ်ယူခြင်း ၊ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တပ်ဆင်အသုံးပြုရန်အတွက် CCTV System နှင့် မီးသတ်ဆေးဘူးဝယ်ယူခြင်း၊ စုစုပေါင်းလုပ်ငန်း (၃) ခု နှင့်စပ်လျဉ်း၍ " တင်ဒါအခမ်းအနား " တွင် တင်ဒါကော်မတီ ဥက္ကဋ္ဌ ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီးဦးမင်းထွဋ် မှ အမှာစကားပြောကြားစဉ်။**

၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန် (ရုံးချုပ်) နှင့် ဗိုလ်တထောင်မြို့နယ် ၄၉ / ၅၀ လမ်းရုံးတွင် အသုံးပြုရန်အတွက် Mini X-Ray for Hand Carry and Baggage Scanner ဝယ်ယူခြင်း၊ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တပ်ဆင်အသုံးပြုရန်အတွက် CCTV System နှင့် မီးသတ်ဆေးဘူးဝယ်ယူခြင်း၊ စုစုပေါင်းလုပ်ငန်း (၃) ခု နှင့်ပတ်သက်ပြီး " တင်ဒါအခမ်းအနား " အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၆) နေပြည်တော်၌ ၂၃-၈-၂၀၂၄ ရက်နေ့ ၀၉း၃၀ နာရီတွင် ပြုလုပ်ခဲ့ရာ "တင်ဒါကော်မတီ" ဥက္ကဋ္ဌ ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သော တင်ဒါကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။



**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန် (ရုံးချုပ်) နှင့် ဗိုလ်တထောင်မြို့နယ် ၄၉ /၅၀ လမ်းရုံးတွင် အသုံးပြုရန်အတွက် Mini X-Ray for Hand Carry and Baggage Scanner ဝယ်ယူခြင်း၊ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းတွင်  တပ်ဆင်အသုံးပြုရန်အတွက် CCTV System နှင့် မီးသတ်ဆေးဘူးဝယ်ယူခြင်း၊ စုစုပေါင်းလုပ်ငန်း (၃) ခု နှင့်စပ်လျဉ်း၍ " တင်ဒါအခမ်းအနား " ကျင်းပပြုလုပ်နေစဉ်။**

အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် အကောက်ခွန်ဦးစီးဌာနမှ အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်သွားမည့် လုပ်ငန်း (၃) ခုအား တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပါသည်။ အဆိုပါအစည်းအဝေးတွင် "တင်ဒါကော်မတီ" ဥက္ကဋ္ဌမှ သက်ဆိုင်ရာလုပ်ငန်းများအလိုက် လုပ်ထုံးလုပ်နည်းများနှင့်အညီ နှစ်ဖက်သဘောတူစာချုပ်များ အမြန်ဆုံးချုပ်ဆိုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာလုပ်ငန်းများအလိုက် နှစ်ဖက်သဘောတူစာချုပ်တွင် ဖော်ပြထားသော လုပ်ငန်းတာဝန်များအား စည်းမျဉ်းစည်းကမ်းများအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်သွားရန်နှင့် သတ်မှတ်ထားသော အချိန်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန်မှာကြားခဲ့ပါသည်။ အစည်းအဝေးအား နေ့လည် ၁၂:၀၀ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

# ၂/၂၀၂၄ ကြိမ်မြောက် အမျိုးသားအဆင့်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ကော်မတီတွင် ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေအား တင်ပြသည့် အစည်းအဝေးကျင်းပ




**၂/၂၀၂၄ ကြိမ်မြောက် အမျိုးသားအဆင့်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီတွင် ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေအားတင်ပြသည့် အစည်းအဝေး၌ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ အဖွင့်အမှာစကားပြောကြားစဉ်။**

၂/၂၀၂၄ ကြိမ်မြောက် အမျိုးသားအဆင့်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီတွင် ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေအား တင်ပြသည့် အစည်းအဝေးကို အကောက်ခွန်ဦးစီးဌာန၊ ဇေယျာသီဟခန်းမ၌ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့၊ နံနက် ၁၉:၀၀ နာရီအချိန်တွင် ညွှန်ကြားရေးမှူးချုပ်က ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပြီး ဌာနခွဲ ညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာဌာနများမှ လုပ်ငန်းအဖွဲ့ဝင် (၂၅) ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက် မှာ ၂/၂၀၂၄ ကြိမ်မြောက် အမျိုးသားအဆင့်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးကော်မတီတွင် ဆုံးဖြတ်ခဲ့သည့်ဆုံးဖြတ်ချက်များအပေါ် လုပ်ငန်းအဖွဲ့များမှ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် အကြံပြုချက်များအား ညွှန်ကြားရေး မှူးချုပ်ထံတင်ပြ၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်ဖြစ်ပါသည်။



၂/၂၀၂၄ ကြိမ်မြောက် အမျိုးသားအဆင့်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီတွင် ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေအား တင်ပြသည့်အစည်းအဝေးကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက် ရမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးရာ သက်ဆိုင်ရာကဏ္ဍများအလိုက်လုပ်ငန်း အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးပြောကြားစဉ်။

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး လုပ်ငန်းအဖွဲ့ (၂)၊ လုပ်ငန်းအဖွဲ့ (၃) နှင့် Individual Agency Programme တို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး လုပ်ငန်းအဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးခဲ့ကြပါသည်။ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များအား အစည်းအဝေးဆုံးဖြတ်ချက်များတွင် ထည့်သွင်း၍ ဆွေးနွေးအတည်ပြုခဲ့ကြပါသည်။

# ပြည်ပမှ အရည်အသွေးပြည့်ဝသည့်ကုန်စည်များ တင်သွင်းနိုင်ရေးအတွက် လိုအပ်သည့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် မဖြစ်မနေလိုက်နာ ဆောင်ရွက်ရမည့် သတ်မှတ်ချက်များကို ဌာနအလိုက်ထုတ်ပြန်နိုင်ရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ



ပြည်ပမှ အရည်အသွေးပြည့်ဝသည့်ကုန်စည်များ တင်သွင်းနိုင်ရေးအတွက် လိုအပ်သည့်စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များကို ဌာနအလိုက် ထုတ်ပြန်နိုင်ရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး၌ ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်ရေးနှင့် စီမံရေးရာ) ဦးတင်ကိုထက်မှ အမှာစကားပြောကြားစဉ်။

ပြည်ပမှ အရည်အသွေးပြည့်ဝသည့် ကုန်စည်များ တင်သွင်းနိုင်ရေးအတွက် လိုအပ်သည့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များကို ဌာနအလိုက်ထုတ်ပြန်နိုင်ရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို အကောက်ခွန်ဦးစီးဌာန၊ ဇေယျာသီဟခန်းမ၌ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့ (သောကြာနေ့) ၊ နေ့လည် ၁၃:၀၀ နာရီအချိန်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) မှ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ နိုင်ငံတကာရေးရာဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးမိုးကျော်အေး၊ ကာကွယ် ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးဝင်းဆွေ၊ ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးတက်ထွန်းအောင်၊ နှောင်းစာရင်းစစ်ဆေးရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦး၊ ဥပဒေရေးရာဌာနခွဲ၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးသိုက်၊ HS Section လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးသဥ္ဇာဟန်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရွှေစင်သန့်၊ ဦးစီးအရာရှိ ဒေါ်ခင်စန္ဒီအောင် တို့ တက်ရောက်ခဲ့ပါသည်။



ပြည်ပမှ အရည်အသွေးပြည့်ဝသည့် ကုန်စည်များတင်သွင်းနိုင်ရေးအတွက် လိုအပ်သည့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များကို ဌာနအလိုက် ထုတ်ပြန်နိုင်ရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး၌ နိုင်ငံတကာရေးရာဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးမိုးကျော်အေးမှ အကြံပြုဆွေးနွေးပြောကြားစဉ်။

အစည်းအဝေးကျင်းပခြင်း၏ ရည်ရွယ်ချက်မှာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ၃/၂၀၂၄ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက် အပိုဒ် (ဇ) ၌ ပြည်ပမှ အရည်အသွေးပြည့်ဝသည့် ကုန်စည်များတင်သွင်းနိုင်ရေးအတွက် လိုအပ်သည့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များကို ဌာနအလိုက်ထုတ်ပြန်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့သဖြင့် ဝန်ကြီးဌာနများအလိုက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ထုတ်ပြန်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ပြန်လည်သုံးသပ်ရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ပါသည်။ အဆိုပါ အစည်းအဝေးတွင်ပြည်ပမှ အရည်အသွေးပြည့်ဝသည့် ကုန်စည်များတင်သွင်းနိုင်ရေးအတွက် လိုအပ်သည့် စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးပြောကြားခဲ့ပါသည်။ အစည်းအဝေးအား ၁၄း၃၀ နာရီအချိန်တွင် ရုတ်သိမ်းခဲ့သည်။

# ၃/၂၀၂၄ ကြိမ်မြောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီတွင် ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေအား တင်ပြသည့် အစည်းအဝေးကျင်းပ




တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ ၃/၂၀၂၄ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ် (၄) အရ E-Lock စနစ် Phase-2 လုပ်ငန်းစီမံချက်တွင် " တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းကြောင်းအား ထပ်မံထည့်သွင်းနိုင်ရေး ကြိုတင်စဉ်းစားစီမံဆောင်ရွက်ရန် " ဟု ဆုံးဖြတ်ခဲ့သဖြင့် Virtual Meeting ဖြင့် ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယညွှန်ကြားရေးမှူးတို့ (နယ်ရုံးများကြီးကြပ်ရေး) ဦးရဲထွဋ်အောင် မှ အဖွင့်အမှာစကားပြောကြားစဉ်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ ၃/၂၀၂၄ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ် (၄) အရ E-Lock စနစ် Phase-2 လုပ်ငန်းစီမံချက်တွင် " တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းကြောင်းအား ထပ်မံထည့်သွင်းနိုင်ရေး ကြိုတင်စဉ်းစားစီမံဆောင်ရွက်ရန် " ဟု ဆုံးဖြတ်ခဲ့သဖြင့် ၂၁-၈-၂၀၂၄ ရက်နေ့၊ ၁၃း၀၀ နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန အစည်းအဝေးခန်းမ (၁) တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) မှ ဦးဆောင်၍ ကုန်သေတ္တာကုန်စည် သယ်ယူပို့ဆောင်ရေး အသင်းအဖွဲ့ ကိုယ်စားလှယ်များ၊ ပြည်နယ်/ တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူး ( ရှမ်း၊ ရန်ကုန်၊ မန္တလေး ) နှင့် သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဌာနဆိုင်ရာကိုယ်စားလှယ်များ၊ တာမိုးညဲအုပ်စုရင်းနှီးမြှုပ်နှံမှုနှင့်ဖွံ့ဖြိုးတိုးတက်ကုမ္ပဏီလီမိတက်မှ ကိုယ်စားလှယ်များပါဝင်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးအား Virtual Meeting ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။



တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ ၃/၂၀၂၄ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ် (၄) အရ E-Lock စနစ် Phase-2 လုပ်ငန်းစီမံချက်တွင် “ တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းကြောင်းအား ထပ်မံထည့်သွင်းနိုင်ရေး ကြိုတင် စဉ်းစားစီမံဆောင်ရွက်ရန် ” ဟု ဆုံးဖြတ်ခဲ့သဖြင့် Virtual Meeting ဖြင့် ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။

အစည်းအဝေးတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ၃/၂၀၂၄ ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက် အပိုဒ်(၄) အရ E-Lockစနစ် Phase-2 လုပ်ငန်းစီမံချက်တွင် “ တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းကြောင်းအား ထပ်မံထည့်သွင်းနိုင်ရေး ကြိုတင်စဉ်းစား စီမံဆောင်ရွက်ရန် ” ဟု ဆုံးဖြတ်ခဲ့သဖြင့် အသင်းအဖွဲ့များအနေဖြင့် E-Lock စနစ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးမည်ကို တွေ့ရှိရပါကြောင်း၊ E-Lock စနစ်သည် ဥပဒေ (သို့မဟုတ်) စည်းမျဉ်းစည်းကမ်းပြဋ္ဌာန်းချက်များအရ မဖြစ်မနေလုပ်ရမည့် လုပ်ငန်းစဉ်မျိုး မဟုတ်ဘဲ အလိုအလျောက် ပူးပေါင်းဆောင်ရွက်ခြင်းများ ပိုမိုများပြားလာအောင်သာ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်မျိုး ဖြစ်ပါကြောင်း၊ Developer ပိုင်းအနေဖြင့် အင်တာနက်လိုင်း ရ / မရ ၊ E-lock battery အခြေအနေနှင့် ခရီးစဉ် ကြာမြင့်သည့်အတွက် Logistic ပိုင်းမှ ကူညီပံ့ပိုးပေးရမည့် အခြေအနေများစသည့် လုပ်ဆောင်ရမည့် အခြေအနေများစွာ ရှိနေပါကြောင်း၊ လုပ်ငန်းစီမံချက်တွင်ပထမ အဆင့်အနေဖြင့် လေ့လာတင်ပြချက်များကို ကြည့်ရှု၍ လုပ်ငန်းစီမံချက်ကို ရန်ကုန်-တောင်ကြီး လမ်းကြောင်းနှင့် တာချီလိတ်-ကျိုင်းတုံ လမ်းကြောင်း ဟူ၍ ရေးဆွဲပြီး တစ်ခြားသောလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ခြင်းနှင့်အတူ ဒုတိယအကြိမ်မြောက် အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးနိုင်အောင် လုပ်ဆောင်ထားမည်ဖြစ်ပါကြောင်း၊



တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ ၃/၂၀၂၄ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ် (၄) အရ E-Lock စနစ် Phase-2 လုပ်ငန်းစီမံချက်တွင် “ တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းကြောင်းအား ထပ်မံထည့်သွင်းနိုင်ရေး ကြိုတင်စဉ်းစားစီမံဆောင်ရွက်ရန် ” ဟု ဆုံးဖြတ်ခဲ့သဖြင့် Virtual Meeting ဖြင့် ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးစဉ်။

ဒုတိယအဆင့်အနေဖြင့်အကောက်ခွန်ဦးစီးဌာနမှ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကော်မတီသို့ အဆင့်ဆင့်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်တွင် တစ်ပြေးညီကုန်တင်လွှာစနစ်ကျင့်သုံးနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အစည်းအဝေးသို့တက်ရောက်လာသူများအနေဖြင့် ဆွေးနွေးသွားသည့်အချက်များကို စာရွက်စာတမ်းမှတ်တမ်းအဖြစ်ယူနိုင်ရန် စာဖြင့် အကောက်ခွန်ဦးစီးဌာနသို့ လိပ်မူ၍ ပြန်လည်ပေးပို့ပေးပါရန် မေတ္တာရပ်ခံပါကြောင်း၊ တာမိုးညဲအုပ်စုရင်းနှီးမြှုပ်နှံမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်အနေဖြင့် ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ပြီးပါက အကောက်ခွန်ဦးစီးဌာနသို့ အစီရင်ခံတင်ပြပေးရန်နှင့် အကောက်ခွန်ဦးစီးဌာနအနေဖြင့် အချက်အလက်များစုစည်းပြီး လုပ်ငန်းစီမံချက်မူကြမ်းရေးဆွဲ၍ သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ထပ်မံ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီအစည်းအဝေးသို့ အချိန်မီတင်ပြသွားနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။ အစည်းအဝေးအား ၁၅း၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ အစည်းအဝေးခန်းမတွင် အိတ်ဖွင့်တင်ဒါအခမ်းအနား ကျင်းပ



**အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးအောင်ခိုင် မှ အိတ်ဖွင့်တင်ဒါဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် (LOT-1) သာကေတဝန်ထမ်းအိမ်ရာ (၆) ခန်းတွဲ RC (၅) ထပ် ၊ (၁) လုံး ဆောက်လုပ်ခြင်းလုပ်ငန်း (မြို့ပြ+ ရေ+ လျှပ်စစ်) ( 132’x28’x58’-6” ) လုပ်ငန်းနှင့် (LOT-2) သာကေတဝန်ထမ်းအိမ်ရာ ခြံစည်းရိုးကာရံခြင်း လုပ်ငန်း အလျား (၁၃၈၀)ပေ ၊ အမြင့်(၆)ပေ ၊ Plinth Level (၁) ပေ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲ အခမ်းအနားကို ၁၆-၈-၂၀၂၄ ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။

# အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) ရှိ ဒုတိယစုံစမ်းရေးမှူးလုပ်ငန်းခွင်ဝင် သင်တန်းအမှတ်စဉ် (၆) အတွက် သင်တန်းပို့ချခြင်း



**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း ဒုတိယစုံစမ်းရေးမှူးလုပ်ငန်းခွင်ဝင် သင်တန်းတွင် အကောက်ခွန်ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းမင်းမှ အကောက်ခွန်ဥပဒေနှင့် ဆက်စပ်ဥပဒေများအကြောင်း ရှင်းလင်းဆွေးနွေးစဉ်။**

ဥပဒေရေးရာဌာနခွဲမှ ၂၂-၈-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ ဒုတိယစုံစမ်းရေးမှူးလုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် (၆) တွင် အကောက်ခွန်ဥပဒေများနှင့် ဆက်စပ်ဥပဒေများအကြောင်း ရှင်းလင်းပို့ချခဲ့ပြီး အမေးအဖြေကဏ္ဍများဖြင့် ဆွေးနွေးခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ဓမ္မစကြာဝတ်ရွတ်အသင်းမှ ဝါတွင်းကာလအတွင်း ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော်တို့ ရွတ်ဖတ်ပူဇော်ခြင်း



အကောက်ခွန်ဦးစီးဌာန၏ ဓမ္မစကြာဝတ်ရွတ်အသင်းမှ ဝါတွင်းကာလအတွင်း ဓမ္မစကြာ ၊ ပဋ္ဌာန်းဒေသနာတော်တို့ ရွတ်ဖတ်ပူဇော်စဉ်။

အကောက်ခွန်ဦးစီးဌာန ဝါတွင်းကာလအတွင်း ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော်တို့အား ရွတ်ဖတ်ပူဇော်နိုင်ရေးအတွက် အဖွဲ့တစ်ဖွဲ့တွင် ဝန်ထမ်းအင်အား (၃၀) ဦး ခန့်ဖြင့် အဖွဲ့(၂) ဖွဲ့ ခွဲ၍ လပြည့်၊ လကွယ်နေ့များ၌ ရွတ်ဖတ်ပူဇော်လျက်ရှိပြီး အဖွဲ့တစ်ဖွဲ့လျှင် လက်ထောက်ညွှန်ကြားရေးမှူး (၂) ဦး မှ ဦးဆောင်၍ ရွတ်ဖတ်ပူဇော်ခဲ့ပါသည်။ ၆-၈-၂၀၂၄ ရက်နေ့ နှင့် ၁၉-၈-၂၀၂၄ ရက်နေ့များတွင် ရွတ်ဖတ်ပူဇော်ခဲ့ပြီးဖြစ်ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုး ကျပ် ( ၁၃၃၀၂.၉၁၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသများ၌ တင်သွင်း / တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိဘဲ တင်သွင်း / တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ (၁) ရက် မှ (၃၁) ရက်အထိ စုစုပေါင်း တားဆီး / ဖမ်းဆီးမှု ( ၄၁၂ ) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုး ကျပ် ( ၁၃၃၀၂.၉၁၀ ) သန်း ဖြစ်ပါသည်။

**ရန်ကုန် တားဆီး/ ဖမ်းဆီးမှု**




(၁၉-၈-၂၀၂၄) ရက်နေ့တွင် မြန်မာ့စက်မှုဆိပ်ကမ်း (MIP) ၌ Royal Eagle Electronics Co., Ltd မှ ID No. MA0249100054 (7-8-2024) ဖြင့် တင်သွင်းခဲ့သည့် ကုန်သေတ္တာအမှတ် ၊ (COPU 1963582) (TCNU 7343310 (2X40’) တို့အား စစ်ဆေးခဲ့ရာ ID, IL တွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသော Air Conditioner (Inverter) (Brand-CHIGO) (U= Indoor+Outdoor) (Wall Mounted Split Type Air Conditioner) ( Model-CS-35VG–1B169 RefrigerntR32 ) ( Cooling Capacity - 3500W/11942BTU ) ( 301 U) အပါအဝင် ပစ္စည်း(၂)မျိုး ၊ ခန့်မှန်းတန်ဖိုးကျပ် ( ၂၂၅,၄၅၀,၀၀၀/- ) အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၃၃၀၂.၉၁၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၂၉-၈-၂၀၂၄ ရက်နေ့တွင် MITT ဆိပ်ကမ်း၌ Ye Htet Oo Co., ltd မှ ID No. 100284638310 (13.8.2024) ဖြင့် တင်သွင်းလာသော ပေ ၄၀ ကုန်သေတ္တာ (၉) လုံးအား ကာကွယ်ရေး (Suspect) အရ သက်ဆိုင်ရာ ဆိပ်ကမ်းပူးပေါင်းအဖွဲ့များဖြင့် မျက်မြင်ဖွင့်ဖောက်စစ်ဆေးရာ ကုန်ပစ္စည်းအရေအတွက် ကိုက်ညီမှုရှိသော်လည်း ID တွင် (C/O-Indonesia) ဟု ကြေညာထားပြီး IL တွင် (C/O-China) အဖြစ် ကြေညာထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် (Woodfree Paper)(60 GSM) (1 K) (31 x 43 Inches) ( 25 x 37 Inches) / (Roll 34 Inches) (C/O-Indonesia)ပါ ပစ္စည်း(၂)မျိုး၊ ခန့်မှန်းတန်ဖိုး ကျပ် (၄၁၁,၇၁၅,၂၄၇/-) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၃၃၀၂.၉၁၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု






၁၅-၈-၂၀၂၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်း တရားမဝင် တင်သွင်း / တင်ပို့မှု မရှိစေရေးအတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၏ အနီးကပ်ကြပ်မတ်မှုဖြင့် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဝင်များသည် ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ တာဝန်ထမ်းဆောင်စဉ် တာချီလိတ်မှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်အမှတ် ၊ (2C/8986) (MITSUBISHI FUSOFS540VZ TRUCK) (12 W) အမျိုးအစား ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများနှင့်ဆေးဝါးများ တင်ဆောင်ထားသဖြင့် အသေးစိတ်စိစစ်နိုင်ရန် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ခေါ်ဆောင်လာခဲ့၍ (၁၆-၈-၂၀၂၄) ရက်နေ့ ၁၉ : ၀၀ နာရီတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် အသေးစိတ်စစ်ဆေးရာ (Merosafe 1g Powder for Injection) (DRC No-R2807AA3966) (Batch No-AB224006) (1 x 15 U x 4 Pack x 323 Ctn) (C/O-India) (19380 U) အပါအဝင် ပစ္စည်း(၂)မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် ( ၇၂,၅၄၇,၃၀၀/- ) ကျပ်ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ်

## (   ၁၃၃၀၂.၉၁၀   ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု







၂၀-၈-၂၀၂၄ ရက်နေ့၌ ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ တာဝန်ကျဝန်ထမ်းများသည် မြဝတီ - ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် ရှောင်တခင်ကင်းလှည့်စစ်ဆေးရာ ဘားအံမြို့အဝင်ရှိ လမ်းဆုံအနီးတွင် မြဝတီမြို့မှ ဘားအံမြို့သို့ မောင်းနှင်လာသော ယာဉ်အမှတ်၊(5D-5990)(Mitsubishi Canter) ( 6W ) ယာဉ်အား စစ်ဆေးရာယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော (Dietary Supplement Product) (Brand-COMMON) (30 Capsules x 100 Pcs x 20 Pkgs) (2000 Pcs)၊ ခန့်မှန်းတန်ဖိုးကျပ်-(၄၀,၀၀၀,၀၀၀/-) အား အမှုတွဲဖွင့်လှစ်၍တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၃၃၀၂.၉၁၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု



၁၆-၈-၂၀၂၄ ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (Arrival Exit-B) ၌ မြန်မာနိုင်ငံသား ခရီးသည်တစ်ဦးသည် MAI Airlines လေယာဉ်ခရီးစဉ်အမှတ် (8M-621/SF-7517) ဖြင့် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး ၎င်း၏ Baggage များအား Airside X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာတွင် မသင်္ကာဖွယ်ရာပုံရိပ် တွေ့ရှိရသဖြင့် (ArrivalExit-B) ကောင်တာ၌ ပိုင်ရှင်ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော (Recombinant Human Erythropoietin Injection IP400IU) (C/O-India) (395 Nos) အပါအဝင် ပစ္စည်း (၃)မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၁၄,၂၈၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၃၃၀၂.၉၁၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**ထူးခြားဖမ်းဆီးမှု**



၁၄-၈-၂၀၂၄ ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (Arrival) ၌ MAI Airlines လေယာဉ် ခရီးစဉ်အမှတ် (8M-621/SF-7450) ဖြင့် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသော မြန်မာနိုင်ငံသားခရီးသည်၏ Baggage များအား (Arrival Exit-B) ကောင်တာ၌ ပိုင်ရှင်၏ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တရားဝင်တင်သွင်းခွင့်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော (Glycoment-1 gm ၁၅ လုံးပါကတ်) (C/O-India)(၁၈ကတ်) အပါအဝင် ဆေးပစ္စည်း (၂၇)မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၂၃,၅၂၂,၆၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။